# EURO SPORTS JOURNAL

VOL.5, NO.66 SUNDAY (12. 7. 2015)





# အရှိက်ကို ထိခဲ့လို့ အရှေ့ကို ချီတက်လာခဲ့တဲ့ မီလန်နှစ်သင်း

လက်ရှိအပြောင်းအရွှေ့ဈေးကွက်ကို ကြည့်မယ်ဆိုရင် စီးရီးအေအသင်းတွေ ခြေလှမ်းသွက်နေတာတွေ့ရပြီး ဒီအထဲမှာ မီလန်နှစ်သင်းက ပိုမိုလှုပ်လှုပ်ခတ်ခတ် ဖြစ်နေပါတယ်။ အေစီမီလန်ကို ကြည့်မယ်ဆိုရင် ဆီဗီလာက တိုက်စစ်မှူးဘက်ကာကို ယူရိုသန်း(၃၀)၊ ရက်တာဗိုးနက်က တိုက်စစ်မှူးလုပ်အက်ဒရီယာနီကို ယူရို(၇)သန်း၊ ဂျိနိုအာက ကွင်းလယ်လူဘာတိုလက်စီကို ယူရိုသန်း(၂၀)နဲ့ ဈေးကြီးပေးခေါ်ယူထားသလို အလွတ်ခေါ်ယူမှု၊ လူငယ်အသင်းကနေ ခေါ်ယူမှု၊ အငှားချထားတဲ့ကစားသမားတွေကို ပြန်လည်ခေါ်ယူမှုတွေ ပြုလုပ်နေတာကြောင့် လက်ရှိအေစီမီလန်အသင်းရဲ့ ကစားသမားအဝင်စာရင်းမှာ (၁၉)ဦးအထိ ရှိနေပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် အေစီမီလန်အသင်းအနေနဲ့ ပြုပြင်ပြောင်းလဲမှုတွေ ပြုလုပ်နေပြီဆိုတာ မြင်သာပါတယ်။ အင်တာမီလန်ကို ကြည့်မယ်ဆိုရင်လည်း မိုနာကိုက ကွင်းလယ်လူကွန်ဒေါ့ဘီယာကို ယူရို(၃၅)သန်း၊ အက်သလက်တီကိုက နောက်ခံလူမီရန်ဒါကို ယူရို(၁၅)သန်း၊ ဂရာနာဒါက နောက်ခံလူမူရယ်လိုကို ယူရို(၇)သန်းနဲ့ ငွေကုန်ကြေးကျခံ ခေါ်ယူထားသလို ဗီရီနာက နှစ်သင်းပိုင်ကစားသမားဘီယန်ချီတီကိုလည်း အပြီးသတ်ခေါ်ယူမှု ပြုလုပ်ခဲ့ပါတယ်။ ဒ့ါအပြင် ကော်ဒိုဘာမှာ အငှားချထားတဲ့ ကွင်းလယ်လူကာဟင်ကို အသင်းထဲ ပြန်လည်ခေါ်ယူခဲ့သလို ဘာစီလိုနာက နောက်ခံလူမွန်တိုယာကိုလည်း အငှားနဲ့ ထပ်မံခေါ်ယူထားတာကြောင့် အင်တာမီလန်ဟာလည်း အေစီမီလန်လိုပဲ ပြုပြင်ပြောင်းလဲရေးတွေ လုပ်နေပြီဆိုတာ သေချာပါတယ်။ တကယ်တော့ အခုလိုမျိုး မီလန်နှစ်သင်း ပြင်ဆင်မှုတွေပြုလုပ်လာတာဟာ ပြီးခဲ့တဲ့ရာသီတုန်းက ကြုံလိုက်ရတဲ့ စိတ်နာစရာဖြစ်ရပ်ကြောင့်လို့ဆိုရင် မမှားပါဘူး။ မီလန်နှစ်သင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီတုန်းက စီးရီးအေမှာ ရပ်တည်မှုအဆင့်နိမ့်ကြခဲ့လို့ နှစ်သင်းစလုံး ဘာဥရောပဝင်ခွင့်မှမရရှိခဲ့ပါဘူး။ ဒါဟာ ဆိုးရွားမှုဖြစ်ခဲ့ပြီး မီလန်နှစ်သင်းစလုံးပြိုင်တူ ဥရောပဝင်ခွင့်လုံးဝမရရှိတဲ့ အခြေအနေနဲ့ ကြုံလိုက်ရခြင်းဟာ နှစ်ပေါင်း(၆၀)အတွင်း ပထမဆုံးအကြိမ်လည်း ဖြစ်ခဲ့ပါတယ်။ ပိုပြီး စိတ်နာစရာကောင်းတာကတော့ မီလန်နှစ်သင်းစလုံး ဥရောပပြိုင်ပွဲလုံးဝကစားခွင့်ရမှာ မဟုတ်တဲ့ လာမယ့်၂၀၁၅-၁၆ဘောလုံးရာသီရဲ့ ချန်ပီယံလိဂ်ဗိုလ်လုပွဲစဉ်ကို သူတို့နှစ်သင်းရဲ့ မြို့က သူတို့နှစ်သင်းရဲ့အိမ်ကွင်း ဆန်စီရိုမှာ ကျင်းပပြုလုပ်မှာဖြစ်လို့ ဒါဟာ မီလန်နှစ်သင်းအတွက်တော့ အရှိက်ကို အထိုးခံလိုက်ရသလို ဖြစ်စေပါတယ်။ ဒါကြောင့် အရှိက်ကိုထိခဲ့လို့ ပြင်ဆင်မှုတွေနဲ့ အရှေ့ကိုချီတက်လာတဲ့ မီလန်နှစ်သင်းရဲ့ လာမယ့်ရာသီ ရည်မှန်းချက်ကတော့ ထုထည်ကြီးမားမှာ အသေအချာပဲလို့ ဆိုရမယ်ထင်ပါတယ်။


နှစ်(၆၀)မြောက်ရောဂါဆိုးကို ပြန်လည်ကုစားမယ့်အချိန် စာ-၃

မြန်မာ့ဘောလုံးယဉ်ကျေးမှု မထွန်းကားသေးပါ စာ-၅

ကလပ်အသင်းခြေစမ်းပွဲများနှင့် ရာသီကြိုဖလားပြိုင်ပွဲများ စာ-၁၀/၁၁

ပရီးမီးယားလိဂ်အသင်းများရဲ့ မိုင်ထောင်ချီခရီး စာ-၁၂/၁၃

စီးရီးအေကို ဂျူဗင်တပ်ပဲ လွှမ်းမိုးထားဦးမှာလား (Debate) စာ-၂၀

အပြောင်းအရွှေ့ဈေးကွက်ဘုရင်ပေါ်တို စာ-၂၃

# ခြေနှစ်ချောင်းဈေးကွက်မှာ ရွေးချယ်စရာဖြစ်လာတဲ့ တူရကီစူပါလိဂ်

မိုးဇော်(Eng:)

ဥရောပ အမှတ်ပေးပြိုင်ပွဲတွေရဲ့ ဘောလုံးရာသီသစ်ပြန်လည်စတင်ဖို့ အချိန်နီးကပ်လာတာနဲ့အမျှ ကလပ်အသင်းအားလုံးဟာ ရာသီကြိုပြင်ဆင်မှုတွေကို အသီးသီးပြုလုပ်နေကြပြီဖြစ်ပါတယ်။ ထုံးစံအတိုင်း ထိပ်တန်းလိဂ်ပြိုင်ပွဲတွေဖြစ်တဲ့ လာလီဂါ၊ ပရီးမီးယားလိဂ်၊ ဘွန်ဒက်စ်လီဂါ၊ စီးရီးအေစတဲ့ပြိုင်ပွဲတွေက ကလပ်အသင်းတွေရဲ့ကစားသမားသစ်ခေါ်ယူမှုတွေက စိတ်ဝင်တစားစောင့်ကြည့်ခြင်းခံနေရတဲ့ အနေအထားမှာ မထင်မှတ်ဘဲ အာရုံစိုက်စရာဖြစ်လာတာကတော့ မထင်မရှားလိဂ်ပြိုင်ပွဲတစ်ခုဖြစ်တဲ့ တူရကီစူပါလိဂ်ပြိုင်ပွဲဝင် ကလပ်အသင်းတွေရဲ့ အင်အားဖြည့်တင်းမှုတွေပဲဖြစ်ပါတယ်။ တူရကီဟာ ယူအီးအက်ဖ်အေရဲ့ အဖွဲ့ဝင်နိုင်ငံတွေထဲမှာ လက်ရှိအဆင့်သတ်မှတ်ချက် အဆင့်-၁၂နေရာမှာရှိနေပြီး ထိပ်တန်းလိဂ်တစ်ခုအဖြစ်သတ်မှတ်ခံရခြင်း မရှိပါဘူး။ ထိပ်တန်းလိဂ်ပြိုင်ပွဲကြီးတွေပြီးရင် ပေါ်တူဂီ၊ ပြင်သစ်၊ ရုရှား၊ ယူကရိန်း၊ နယ်သာလန်၊ ဘယ်လ်ဂျီယံ၊ ဆွစ်ဇာလန်နိုင်ငံတွေဟာ တူရကီရဲ့အထက်မှာ ရပ်တည်နေတာကြောင့် တူရကီလိဂ်အပေါ် စိတ်ဝင်စားမှုဟာ မပြောပလောက်တဲ့ အနေအထားမှာသာရှိနေပါတယ်။

ဒါပေမဲ့ လတ်တလော နွေရာသီကစားသမားအပြောင်းအရွှေ့ဈေးကွက်မှာ တူရကီကလပ်အသင်းတွေရဲ့လှုပ်ရှားမှုဟာ နာမည်ကြီးကစားသမားခေါ်ယူမှုတွေနဲ့အတူ စိတ်ဝင်စားစရာဖြစ်လာပြီး တူရကီဘောလုံးလောကရဲ့အနေအထားကလည်း စောင့်ကြည့်ချင်စရာကောင်းလာခဲ့ပါတယ်။ အပြောင်းအရွှေ့ဈေးကွက်မှာ မန်ယူကနာနီ၊ အာဆင်နယ်က ပိုဒေါလ်စကီး၊ ဆမ်ဒိုးရီးယားက အီတူး၊ လိုင်လီက ဆိုင်မွန်ခါဂျာတို့ကို တူရကီကလပ်အသင်းတွေဖြစ်တဲ့ ဖီနာဘာချီ၊ ဂါလာတာစာရေးနဲ့ အန်တယ်ယာစပေါတို့လို ကလပ်အသင်းတွေက တခြားဥရောပကလပ်အသင်းတွေနဲ့အပြိုင်ခေါ်ယူလိုက်တာက တူရကီဘောလုံးလောကအပေါ် အာရုံစိုက်စရာဖြစ်လာခဲ့ပါတယ်။ လိဂ်ပြိုင်ပွဲတစ်ခုအနေနဲ့ မြင့်မားတဲ့အဆင့်အတန်းမရှိတဲ့အပြင် ကလပ်အသင်းတွေရဲ့ဘဏ္ဍာရေးအနေအထားကလည်း တောင့်တင်းခိုင်မာတဲ့ကျောထောက်နောက်ခံမျိုးတွေမရှိတာကြောင့် ဒီလိုကစားသမားကောင်းတွေကိုခေါ်ယူနိုင်ခဲ့ခြင်းဟာ တူရကီဘောလုံးလောကကို ပိုပြီးစိတ်ဝင်စားစရာဖြစ်စေခဲ့ပါတယ်။

တူရကီမှာ ဘောလုံးအားကစားနည်းစတင်အသက်ဝင်လာခဲ့ရတာက အင်္ဂလိပ်လူမျိုးတွေကြောင့်ပဲဖြစ်ပြီး ၁၉ရာစုနှောင်းပိုင်းမှာ စတင်စိမ့်ဝင်ပျံ့နှံ့လာခဲ့တာဖြစ်ပါတယ်။ အန်ကာရာ၊ အစ္စတန်ဘူလ်၊ အစ်ဇ်မီယာစတဲ့ဒေသတွေက ကလပ်အသင်းတွေဟာ သီးခြားလိဂ်ပြိုင်ပွဲတွေပြုလုပ်ခဲ့ကြပြီးမှ ဒီကလပ်အသင်းတွေအားလုံးစုပေါင်းပြီး တူရကီလိဂ်အဖြစ် တဖြည်းဖြည်းပေါ်ပေါက်လာခဲ့တာဖြစ်ပါတယ်။ ၁၉၅၈ခုနှစ်မှာ မီလီလိဂ်ရယ်လို့စတင်ပေါ်ပေါက်လာခဲ့တဲ့နောက်ပိုင်းမှာစူပါလိဂ်လို့ ဖြစ်တည်လာခဲ့ပြီး ပြိုင်ဆိုင်မှုပြင်းထန်တဲ့ လိဂ်တစ်ခုဖြစ်လာခဲ့ပါတယ်။ အစောပိုင်းမှာတုန်းက တန်းဆင်း၊ တန်းတက်စည်းမျဉ်း မထားခဲ့ပေမယ့် ၁၉၆၃-၆၄ဘောလုံးရာသီမှာ ဒုတိယတန်းရယ်လို့ဖြစ်ပေါ်လာခဲ့ပြီးတဲ့နောက် တန်းဆင်း၊ တန်းတက်စည်းမျဉ်းကို စတင်ကျင့်သုံးခဲ့ပါတယ်။ တူရကီလိဂ်ပြိုင်ပွဲကို တခြားဥရောပလိဂ်ပြိုင်ပွဲတွေနည်းတူ ဩဂုတ်လကနေနောက်နှစ်မေလအထိ ကျင်းပပြုလုပ်လေ့ရှိပြီး လက်ရှိအချိန်မှာတော့ ပြိုင်ပွဲဝင်အသင်း ၁၈သင်းပါဝင်ကစားနေပါတယ်။တူရကီလိဂ်ချန်ပီယံအသင်းဟာ နောက်ရာသီမှာ ချန်ပီယံလိဂ်ပြိုင်ပွဲကို အုပ်စုအဆင့်ကနေ စတင်ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိထားပါတယ်။

တူရကီအသင်းဟာ လိဂ်ပြိုင်ပွဲအဆင့်မှာ ထိပ်တန်းမဟုတ်သလို လက်ရွေးစင်အသင်းအဆင့်မှာလည်း အောင်မြင်မှုကြီးကြီးမားမားမရှုတာကြောင့် အာရုံစိုက်ခြင်း မခံခဲ့ရတာအမှန်ပါပဲ။ ဒါပေမဲ့ ၂၀၀၂ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဆီမီးအဆင့်အထိ တက်ရောက်နိုင်ခဲ့ပြီး ပွဲတွဲအိမ်ရှင်ဖြစ်တဲ့တောင်ကိုရီးယားကို အနိုင်ယူပြီး တတိယနေရာရယူနိုင်ခဲ့ပြီးတဲ့နောက် တူရကီဘောလုံးလောကရဲ့ အဆင့်အတန်းကို သတိထားစောင့်ကြည့်ချင်စရာ ဖြစ်လာခဲ့ပါတယ်။ အဲဒီနောက်မှာ ကျင်းပပြုလုပ်ခဲ့တဲ့ ယူရို ၂၀၀၄နဲ့ ၂၀၀၆ကမ္ဘာ့ဖလားပြိုင်ပွဲတွေမှာ ခြေစစ်ပွဲတောင် အောင်မြင်ခဲ့ခြင်းမရှိခဲ့ပေမယ့် ယူရို ၂၀၀၈မှာ စတုတ္ထနေရာရရှိခဲ့လို့ ဘောလုံးဇာတ်ခုံပေါ်ကို တစ်ကျော့ပြန်ရောက်ရှိလာခဲ့ပြန်ပါတယ်။ ဒါပေမဲ့ ဒီနောက်ပိုင်းမှာ တူရကီဘောလုံးလောကဟာ လုပ်ပွဲအရှုပ်တော်ပုံတွေကြောင့် ပြန်လည်ကျဆင်းခဲ့ရပြန်ပါတယ်။ ၂၀၁၁ခုနှစ်မှာပေါ်ပေါက်ခဲ့တဲ့ တူရကီဘောလုံးလောကအရှုပ်တော်ပုံမှာ ဒုစရိုက်ဂိုဏ်းတွေရဲ့ပါဝင်ပတ်သက်မှုတွေပါရှိခဲ့ပြီး တူရကီရဲ့ထိပ်တန်းလိဂ်ပြိုင်ပွဲ ၂၅ပွဲဟာ လုပ်ပွဲပြဿနာတွေနဲ့ငြိနှက်ခဲ့ပါတယ်။ ဒီဖြစ်ရပ် ဟာ တူရကီဘောလုံးလောကရဲ့တိုးတက်မှုကို ရိုက်ခတ်မှုရှိခဲ့ပြီး လက်ရှိအချိန်အထိ တရားရင်ဆိုင်မှုတွေ၊ စုံစမ်းစစ်ဆေးမှုတွေ ပြုလုပ်နေရဆဲဖြစ်ပါတယ်။

ဒီလို အရှုပ်အထွေးတွေနဲ့အတူ ကျဆင်းခဲ့တဲ့ တူရကီဘောလုံးလောကရဲ့အဆင့်အတန်းကြောင့် လက်ရွေးစင်အသင်းအဆင့်မှာရော၊ ကလပ်အသင်း အဆင့်မှာပါ အောင်မြင်မှုတွေလည်း ပြောပလောက်အောင်မရခဲ့ပေမယ့် တူရကီကလပ်အသင်းတွေဟာ ကစားသမားကောင်းတွေကို ဆွဲဆောင်ခေါ်ယူနိုင်တဲ့လိဂ်ပြိုင်ပွဲတစ်ခုဖြစ်နေဆဲဆိုတာကို အမှုမဲ့အမှတ်မဲ့ ဖြစ်ခဲ့ကြပါတယ်။ ၂၀၁၁မှာ လာဇီယိုက နေဂါလာတာစာရေးကိုရောက်လာတဲ့ ဥရုဂွေးလက်ရွေးစင်ဂိုးသမားမူစလီရာ၊ အာဆင်နယ်ကနေ ဂါလာတာစာရေးကို ရောက်လာတဲ့အီဘိုယေးတို့အပြင် ချက်ဂျူး ဗိလစ်မယ်လို၊ ရှနိုက်ဒါ၊ ဒါ့ကောက်၊ အရှောဘစတဲ့ ကစားသမားတွေဟာ တူရကီကလပ်အသင်းတွေရဲ့ ကြီးမားတဲ့အင်အားဖြည့်တင်းမှုတွေပဲဖြစ်ပါတယ်။ တူရကီဘောလုံးလိဂ်မှာ အမှတ်ပေးချန်ပီယံဆုကို အစ္စတန်ဘူလ်အခြေစိုက် ဂါလာတာစာရေးနဲ့ ဖီနာဘာချီတို့ကသာ အများဆုံးရယူထားနိုင်ခဲ့ကြလို့ ပြိုင်ဆိုင်မှုနည်းပါးတယ်လို့ဆိုနိုင်ပေမယ့် ဒီအသင်းနှစ်သင်းသာမကဘဲ ကျန်တူရကီကလပ်အသင်းတွေကပါ နာမည်ရှိကစားသမားတွေကို ခေါ်ယူနိုင်ခြင်းက အလေးထားစောင့်ကြည့်စရာဖြစ်လာပါတယ်။

လက်ရှိအချိန်အထိ ဖီနာဘာချီနဲ့ ဂါလာတာစာရေးတို့ရဲ့ ကစားသမားသစ်ခေါ်ယူမှု အနေအထားကိုပြန်ကြည့်ရင် ဖီနာဘာချီဟာမန်ယူကပေါ်တူဂီကွင်းလယ်လူနာနီ၊ ဘရာဇီးကလပ် ပါရာနန်စီက တိုက်စစ်မှူးဖာနန်ဒါအို၊ ဘာဆာစပေါနောက်ခံလူအိုဘေယာကလီနဲ့လိုင်လီနောက်ခံလူဆိုင်မွန်ခါဂျာတို့ကို အပြီးသတ်ခေါ်ယူထားပြီး ပေါ်တိုကနောက်ခံလူအဘ်ဒူလာယီနဲ့ ဂိုးသမားဖာဘီယာနိတို့ကိုအငှားနဲ့ခေါ်ယူထားပါတယ်။ ဂါလာတာစာရေးကတော့ အာဆင်နယ်က ဂျာမန်တိုက်စစ်မှူးပိုဒေါလ်စကီးနဲ့ အက်ကီဆာက ကွင်းလယ်လူဘာလယ်ကီဆာတို့ကို ခေါ်ယူထားပါတယ်။ ဒါဟာအပြီးသတ်အထမြောက်ထားပြီးဖြစ်တဲ့ ကစားသမားအပြောင်းအရွှေ့တွေဖြစ်ပြီး ဖီနာဘာချီဟာ မန်ယူတိုက်စစ်မှူးဗန်ပါစီကိုပါ ထပ်မံခေါ်ယူဖို့ကြိုးစားနေတယ်လို့ဆိုပါတယ်။ ထူးခြားတာက အောင်မြင်မှုနဲ့ ဘဏ္ဍာရေးတောင့်တင်းမှုအပိုင်းမှာ ထိပ်ဆုံးနေရာမှာရှိနေတဲ့ ဂါလာတာစာရေးနဲ့ ဖီနာဘာချီတို့သာမကဘဲ တခြားတူရကီကလပ်အသင်းတွေကပါ အပြောင်းအရွှေ့ဈေးကွက်မှာခြေလှမ်းသွက်လာကြခြင်းပဲဖြစ်ပါတယ်။

မထင်မရှားအသင်းတစ်သင်းဖြစ်ပြီး ဒီနှစ်မှာမှ တန်းတက်လာတဲ့အန်တယ်ယာစပေါအသင်းဟာ ဆမ်ဒိုးရီးယားက ကင်မရွန်းတိုက်စစ်မှူးအီတူးကိုခေါ်ယူထားတဲ့အပြင် လိုအပ်ရင် နောက်ထပ်နာမည်ကြီးကစားသမားတွေကိုပါ ခေါ်ယူဖို့အသင့်ရှိနေတယ်လို့ အသင်းဥက္ကဋ္ဌကပြောဆိုထားတဲ့အပြင် သတင်းတွေအရ ဘရာဇီးဂန္ထဝင်ကစားသမားရော်နယ်ဒင်ဟိုကိုတောင်ခေါ်ယူဖို့ကြိုးစားနေတယ်လို့သိရပါတယ်။ ဒါ့အပြင်အန်တယ်ယာစပေါဥက္ကဋ္ဌဂျန်ဆာက လာမယ့်၅နှစ်အတွင်းမှာမက်ဆီလိုကစားမျိုးကိုတောင်ခေါ်ယူဖို့ အစီအစဉ်ရှိတယ်လို့ဆိုထားပါသေးတယ်။ ပြီးခဲ့တဲ့ရာသီတုန်းကတတိယနေရာနဲ့ကျေနပ်ခဲ့ရတဲ့ ဘက်ဆစ်တပ်အသင်းကတော့ ဟော့ဖန်ဟိမ်းနောက်ခံလူအန်ဒရီးယပ်စ်ဘက်ခ်၊ ဂျွန်ကလာဘာလီဂီက ဆားဘီးယားနောက်ခံလူတိုဆစ်နဲ့ မီတာလစ်ကွင်းလယ်လူဂျိုဆေးဆိုဆာတို့ကိုခေါ်ယူထားပါတယ်။ ၂၀၁၅ခုနှစ်အတွင်း တူရကီစူပါလိဂ်ကိုရောက်လာကြတဲ့ နာမည်ရှိကစားသမားအချို့ကိုပြန်ကြည့်မယ်ဆိုရင် ဂျွန်ကလာဘာလီဂီကိုရောက်လာတဲ့ အာဆင်နယ်ကွင်းလယ်လူဟောင်းအလက်ဖ်ရှားလုပ်ဘ်၊ ကေစရီအာစီယက်စပေါ်ကိုရောက်လာတဲ့ ရီးရဲလ်တောင်ပံကစားသမားဟောင်းဒရန်သီတို့ပါရှိနေတာတွေ့ရပါတယ်။

လက်ရှိ တူရကီဘောလုံးလောကရဲ့ အမြင့်ဆုံးကစားသမားအပြောင်းအရွှေ့တန်ဖိုးကလိုင်လီကနေ ဖီနာဘာချီကို ယူရို ၇. ၅သန်းနဲ့ရောက်ရှိလာတဲ့ ဒိန်းမတ်နောက်ခံလူဆိုင်မွန်ခါဂျာပဲဖြစ်ပြီး ဖီနာဘာချီဟာ ကစားသမားသစ်တွေအတွက် ယူရို၁၂သန်းသုံးစွဲထားတာတွေ့ရပါတယ်။ ဖီနာဘာချီရဲ့အစ္စတန်ဘူလ်ပြိုင်ဘက်ဂါလာတာစာရေးကတော့ ပိုဒေါလ်စကီးအတွက်ယူရို ၂. ၅သန်းသာသုံးစွဲထားတာတွေ့ရပါတယ်။ ဒီနှစ်တူရကီလိဂ်ပြိုင်ပွဲမှာကစားသမားအပြောင်းအလဲတွေအပြင် နည်းပြအပြောင်းအလဲအချို့လည်းဖြစ်ပေါ်ခဲ့ပြီးရီးရဲလ်နောက်ခံလူဟောင်းရော်ဘတ်တိုကားလို့စ်ရဲ့နေရာမှာဆီဟက်အာစလန်က အစီဆာဘီလီဒီယက်စပေါနည်းပြသစ်အဖြစ်တာဝန်ယူမှာဖြစ်ပြီး ဝက်စ်ဟမ်းကိုရောက်ရှိသွားတဲ့ဘီလစ်ရဲ့နေရာမှာတော့ ဆီနောဂူနက်စ်က ဘက်ဆစ်တပ်နည်းပြသစ်အဖြစ်ပြောင်းလဲတာဝန်ယူမှာဖြစ်ပါတယ်။ အလားတူပဲရာထူးကနုတ်ထွက်သွားတဲ့အစ္စမေးလ်ကာတယ်ရဲ့နေရာမှာဖီနာဘာချီနည်းပြသစ်အဖြစ်ဗစ်တာပါရဲရားကတာဝန်ယူမှာဖြစ်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် နွေဈေးကွက်အတွင်းမှာ နာမည်ရှိကစားသမားတွေကို အပြိုင်အဆိုင်ခေါ်ယူနေခြင်းက တူရကီကလပ်အသင်းတွေအပေါ် သတိပြုစရာအနေအထားဖြစ်လာတာကတော့အမှန်ပဲဖြစ်ပါတယ်။ တူရကီစူပါလိဂ်ဟာထိပ်ဆုံး၁၀နိုင်ငံထဲမှာမပါဝင်ပေမယ့် နာမည်ရှိကစားသမားတွေအတွက် ရွေးချယ်စရာလိဂ်ပြိုင်ပွဲတစ်ခုဖြစ်လာတာကတော့အမှန်ပဲဖြစ်ပါတယ်။ တစ်ချိန်က လုပ်ပွဲပြဿနာတွေကြောင့်ဂုဏ်သိက္ခာကျဆင်းခဲ့ရပေမယ့် လက်ရှိအချိန်မှာတော့ရကြည်ရာမြက်နုရာပြောင်းလဲရွေးချယ်စရာ နေရာဒေသတစ်ခု ဖြစ်လာပြီလို့ဆိုရတော့မှာဖြစ်ပါတယ်။











အန်တယ်ယာစပေါဥက္ကဋ္ဌဂျန်ဆာ

# EDITOR'S DEBATE

# စီးရီးအေကို ဂျူဗင်တပ်ပဲ လွှမ်းမိုးထားဦးမှာလား

## 'စီးရီးအေကို အိုးလ်လေဒီတွေ လွှမ်းမိုးနေဦးမယ်'

**နေဇော်အောင်အောင်**

အပြောင်းအရွှေ့ဈေးကွက်အတွင်းမှာ လောက်လောက်လားလားကစားသမားတစ်ဦးကို ခေါ်ယူဖို့ အကြိမ်ကြိမ်ဆုံးဖြတ်ခဲ့ပြီးမှ မန်ဇူကစ်ကိုခေါ်ခဲ့လို့ ဝေဖန်သံတွေ အတော်လေးညံခဲ့ပါတယ်။ ကမ္ဘာတစ်ဝန်းဘောလုံးလောကအတွင်းမှာ ဆယ်စုနှစ်တစ်ခုနီးပါး ဝေဖန်ခံခဲ့ရတဲ့စီးရီးအေဘောလုံးလောကမှာ ဂျူဗင်တပ်လွှမ်းမိုးခဲ့တာက အဆုံးသတ်သင့်ပြီလို့ ဆိုနေသူတွေရှိပါတယ်။ လတ်တလောကာလအတွင်း တီဗက်ဇ်ကို ထွက်ခွာခွင့်ပြုခဲ့တဲ့အပြင် ပီယာလိုကလည်း အမေရိကန်ကို ရောက်ရှိခဲ့တာကြောင့် ဒီအခြေအနေဟာ ဂျူဗင်တပ်အတွက် မလုံးသာမလွှန့်သာအခြေအနေလို့ ဆိုနေတာလည်းဖြစ်ပါတယ်။ ပြီးတော့ ဒီနှစ်အပြောင်းအရွှေ့ရဲ့ သားကောင်ဖြစ်နေတဲ့ ပေါ့ဂ်ဘာရဲ့ကတ္တူ၊ ချီလီနဲ့အောင်မြင်မှုရခဲ့တဲ့ ဗီဒဲလ်ရဲ့အခြေအနေတွေကြောင့် ဂျူဗင်တပ် ကျရှုံးလာနိုင်တယ်လို့ဆိုနေကြတာဖြစ်ပါတယ်။ ဒီကာလအတွင်း အင်တာမီလန်၊ အေစီမီလန် အစရှိတဲ့ ပြိုင်ဘက်တွေက အားဖြည့်မှုလုပ်လာခဲ့တာကြောင့် ဂျူဗင်တပ်ရဲ့အခြေအနေဟာ အကောင်းဆုံးဖြစ်ဖို့ ရာခိုင်နှုန်းနည်းသွားပြီလို့ ဆိုနေကြတာဖြစ်ပါတယ်။ ဒါပေမဲ့ ဂျူဗင်တပ်ဟာ အခုမှ တည်ဆောက်နေတဲ့အသင်းမဟုတ်ပါဘူး။ ပေါ့ဂ်ဘာ၊ ဗီဒဲလ်တို့ ထပ်ပြီး ထွက်ခွာသွားမယ်ဆိုရင်တောင် အသင်းက ရမှတ်အပြတ်နဲ့ ချန်ပီယံဖြစ်နိုင်စွမ်းအပြည့်ရှိနေပါတယ်။ စာရွက်ပေါ်က အခြေအနေအရ ဘူဖွန်အပါအဝင် အသက်အရွယ်ရလာပြီး ထိခိုက်ဒဏ်ရာရရှိမှုကိုမခံနိုင်တဲ့ ကစားသမားတွေရှိနေတာကို ညွှန်ပြပြီး အောင်မြင်မှုမရနိုင်ဘူးလို့ ဆိုနေသူတွေလည်းရှိပါတယ်။ ဒါပေမဲ့ နည်းပြအလီဂရီဟာ သူတို့တွေမပါဘဲ အောင်မြင်မှုကို အကြိမ်ကြိမ်ရယူပြီးသားပါ။ တခြားအသင်းတွေပြင်ဆင်မှုအားကောင်းနေတယ်ဆိုပေမယ့် အနည်းဆုံး ၁နှစ်အချိန်ယူရဦးမှာဖြစ်လို့ စီးရီးအေကို အိုးလ်လေဒီတွေပဲ လွှမ်းမိုးနေမှာက အသေအချာဖြစ်ပါတယ်။




## 'စီးရီးအေမှာ ချန်ပီယံလောင်းအသင်းတွေများလာပြီ'

**ကိုမျိုး(Magic Land)**

လက်ရှိစီးရီးအေပြိုင်ပွဲကို ဂျူဗင်တပ်တို့ တောက်လျှောက်ကြီးစိုးနေခဲ့သလို လက်ရှိမှာလည်း ဂျူဗင်တပ်ဟာ ခိုင်ဘာလာ၊ ဒီဒီရာ၊ မန်ဇူကစ်နဲ့ နောက်ဆုံးမှာ ဇာဇာတို့လိုကစားသမားတွေကို ခေါ်ယူထားတာကြောင့် အရင်ကထက် ပိုမိုအင်အားတောင့်တင်းလာတယ်လို့ ထင်စရာရှိပါတယ်။ ဒါကြောင့်လည်း စီးရီးအေကို ဂျူဗင်တပ်ပဲ ဆက်လက်လွှမ်းမိုးထားဦးမှာလားဆိုတဲ့မေးခွန်းမျိုး ထွက်ပေါ်လာခဲ့တာပါ။

ဒါပေမဲ့ တကယ်တမ်းပြန်စဉ်းစားကြည့်မယ်ဆိုရင် ဂျူဗင်တပ်ဟာ ခိုင်ဘာလာ၊ ဒီဒီရာ၊ မန်ဇူကစ်နဲ့ ဇာဇာတို့အပါအဝင် လက်ရှိမှာ ကစားသမား၆ဦးအထိ အဝင်စာရင်းရှိနေပေမယ့် အထွက်စာရင်းကိုလည်း တစ်ချက်ပြန်ကြည့်ရဦးမှာပါ။ မနှစ်က တစ်ရာသီလုံးအားကိုးခဲ့ရတဲ့ ကွင်းလယ်လူပီယာလိုဟာ နယူးယောက်စီးတီးကို ပြောင်းရွှေ့သွားခဲ့ပြီဖြစ်သလို ဗီဒဲလ်နဲ့ပေါ့ဂ်ဘာတို့ရဲ့အခြေအနေကလည်း အသင်းပြောင်းဖို့ ရာခိုင်နှုန်းများနေပါတယ်။ တကယ်သာ သူတို့၂ဦးစလုံး အသင်းပြောင်းသွားမယ်ဆိုရင်တော့ ဂျူဗင်တပ်ဟာ လာမယ့်ရာသီမှာ ကွင်းလယ်ကစားကွက်ကို အစကနေ ပြန်လည်တည်ဆောက်ရဖို့ရှိပါတယ်။ အခြားတစ်ဖက်ကို ပြန်ကြည့်မယ်ဆိုရင်လည်း မနှစ်က ပြိုင်ဘက်ကောင်းတွေဖြစ်ခဲ့တဲ့ နာပိုလီ၊ ရိုးမား စတဲ့အသင်းတွေက ပုံမှန်အနေအထားအတိုင်း ရှိနေပြီး ဒီအခြေအနေမှာ မီလန်၂သင်းရဲ့လှုပ်ရှားမှုကလည်း စိတ်ဝင်စားစရာကောင်းနေပါတယ်။ မီလန်ဟာ မော်ရို၊ ဘက်ကာ၊ အက်ဒရီယာနို၊ ဘာတိုလက်ဆီ၊ ဗာဒီ စတဲ့ကစားသမားတွေကို ခေါ်ယူအားဖြည့်ထားသလို အင်တာမီလန်ဟာလည်း ကွန်ဒေါ့ဘီယာ၊ မီရန်ဒါ၊ မူရယ်လို၊ ဘီယန်ချီတီ၊ ကာဟင်၊ မွန်တိုယာတို့ကို ခေါ်ယူထားတာကြောင့် လာမယ့်ရာသီမှာ ချန်ပီယံဆုကို ခြိမ်းခြောက်မယ့်သဘောရှိနေပါတယ်။ ၂၀၁၅-၁၆ ဘောလုံးရာသီဟာ စီးရီးအေချန်ပီယံဆုအတွက် ဂျူဗင်တပ်ပဲ အားသာနေမယ့်ရာသီတစ်ခုဖြစ်နေမှာမဟုတ်တာသေချာတယ်။

## Foreign Sports Cartoons by Goal.com




၁၉၉၃နောက်ပိုင်း မတူညီတဲ့ပြိုင်ပွဲ၆ခုမှာ ဗိုလ်လုပွဲအဆင့်ကို ၆ကြိမ်တက်နိုင်ခဲ့တဲ့အာဂျင်တီးနားတို့ ၂၀၁၅ကိုပါအမေရိကမှာလည်း ဒုတိယနဲ့သာ ထပ်မံကျေနပ်ခဲ့ရတာကို သရုပ်ဖော်ထားတဲ့ပုံဖြစ်ပါတယ်။




မန်ယူဂိုးသမားဒီဂီယာတစ်ယောက် မက်ဒရစ်မြို့ကို အပန်းဖြေခရီးထွက်ခဲ့တာကို အခွင့်ကောင်းယူဖို့ကြိုးစားခဲ့တဲ့ ရီးရဲလ်အသင်းရဲ့သဘောထားကို သရော်ထားတဲ့ပုံပါ။

